# မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး

## All Burma Monk Alliance

နေ့စွဲ။ ။ ၅ . ၁၀ . ၂၀၁၉

## ပြည်တွင်းပြည်ပ သိမ်အသီးသီးတွင် ပတ္တနိက္ကုဇ္ဇနကမ္မဝါရွတ်ဆို၍ အောင်မြင်စွာသပိတ်မှောက်နိုင်ခြင်းနှင့် နိုင်ငံတွင် တာဝန်အရှိဆုံးဦးသန်းရွှေအား ဗုဒ္ဓဘာသာအဖြစ်မှထုတ်ပယ်ကာသာသနာဖျက်မိစ္ဆာဒိဋ္ဌိအဖြစ် သတ်မှတ်သည်

သံဃာတော်အရှင်သူမြတ်များဘုရား..

န.အ.ဖ စစ်အုပ်စုသည် ၁၉၉၀ ပြည့်ပထမအကြိမ်ပတ္တနိက္ကုဇ္ဇနကမ္မဝါစာရွတ်ဆို၍သတိပေးတားမြစ်ပါသော်လည်းဂန်ချတောင်းပန်ခြင်းမရှိသည့်အပြင် ထေရ်ကြီးဂါကြီးဆရာတော်ကြီးများ တိပိဋကဓရ ဆရာတော်ကြီးများကိုပင်ထောင်ချနှိပ်စက်သတ်ဖြတ်ခဲ့ပါသည်။

၂၀၀၇ခုနှစ်စက်တင်ဘာလတွင် ဒုတိယအကြိမ်ပတ္တနိက္ကုဇ္ဇနကမ္မဝါစာရွတ်ဆို၍သတိပေးတားမြစ်ပါသော်လည်းဂန်ချတောင်းပန်ခြင်းမရှိသည့်အပြင် ကျောင်းတိုက်ပေါင်း ၆၀ ကျော်ကို သူပုန်စခန်းစီးသလို ဝင်စီးကာ သေနတ်နှင့်ပစ်သတ်၊ ဝါးရင်းဒုတ်နှင့်ရိုက်သတ် အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားကာ ထောင်ချနှိပ်စက်နေသည့်အတွက် ၂၀၀၉ ခု အောက်တိုဘာလ၃ရက် သီတင်းကျွတ်လပြည့် ပဝါရဏာနေ့တွင် ပြည်တွင်း၊ ပြည်ပသိမ်အသီးသီး၌ တတိယအကြိမ် ပတ္တနိက္ကုဇ္ဇန ကမ္မဝါစာရွတ်ဆိုကာ အောင်မြင်စွာသပိတ်မှောက်နိုင်ခဲ့ပါသည်။

န.အ.ဖ စစ်အုပ်စုတွင်တာဝန်အရှိဆုံးဖြစ်သော ဦးသန်းရွှေသည် ဗုဒ္ဓဘာသာဝင်မှန်ပါက သံဃာတော်များတောင်းဆိုထားသော အချက်ကို လိုက်နာရမည်ဖြစ်ပါသည်။ ယခုအခါမလိုက်နာသည့်အပြင် ဆက်လက်၍ဖမ်းဆီး၊ ထောင်ချ၊ နှိပ်စက်၊ ညှင်းပမ်း၊ သတ်ဖြတ်နေသည့်အတွက် ဦးသန်းရွှေ+ဒေါ်ကြိုင်ကြိုင်နှင့်သူ၏မိသားစုတစ်ခုလုံးအား ဗုဒ္ဓဘာသာအဖြစ်မှထုတ်ပယ်လိုက်သည်။ ဦးသန်းရွှေအား သာသနာကိုဖျက်ဆီးနေသောမိစ္ဆာဒိဋ္ဌိ အဖြစ်သတ်မှတ်လိုက်သည်။

နိုင်ငံတော်ကိုအသက်ပေးကာကွယ်စောင့်ရှောက်ရန်တပ်မတော်သို့ ဝင်ရောက်လာကြသော တပ်မတော်သားများအားအထူး မေတ္တာရပ်ပါသည်...

ဦးသန်းရွှေသည် နိုင်ငံတော်ကိုအသက်ပေးကာကွယ်ရမည့် ဗိုလ်ချုပ်အောင်ဆန်းတည်ထောင်ထားခဲ့သော တပ်မတော်ကိုမိမိ အာဏာအတွက် အသုံးချကာ သာသနာတော်ကိုဖျက်ဆီးနေသော၊ နိုင်ငံတော်ကိုဖျက်ဆီးနေသော၊ ပြည်သူရွံမုန်းသောတပ်မတော်ကြီး ဖြစ်အောင်ဖန်တီးနေပါသည်။ သို့ပါ၍ သာသနာကိုဖျက်၊ နိုင်ငံတော်ကိုဖျက်ဆီးနေသော မိစ္ဆာဒိဋ္ဌိ ဦးသန်းရွှေအား တပ်မတော်မှဖယ်ရှား ပေးပါရန်တိုက်တွန်းနိုးဆော်ပါသည်။

ပြည်သူပြည်သားများအားအထူးမေတ္တာရပ်ပါသည်...

မြတ်စွာဘုရားရှင်၏ဂိုနည်းဥပဒေနှင့်အညီ ပတ္တနိက္ကုဇ္ဇနကမ္မဝါရွတ်ကာ သပိတ်မှောက်ထားပါ၍ ဂိုနည်းကံကို လေးစားလိုက် နာခြင်းမရှိသော သံဃာတော်များကို ပစ္စည်းလေးပါး လှူဒါန်းခြင်းမပြုကြပါရန်နှင့် အလှူခံ၍ ဂိုနည်းဥပဒေချိုးဖေါက်ကာ န အ ဖ စစ်အုပ်စုခိုင်းတာမှန်သမျှလိုက်လုပ်နေသောသံဃာတော်များ၏ ဘွဲ့အမည်၊ မိဘအမည်၊ ကျောင်းအမည်၊ နေရပ်လိပ်စာအပြည့်အစုံ ရေး၍ပို့ပေးကြပါရန်တိုက်တွန်းနိုးဆော်ပါသည်။ န အ ဖ ခိုင်းတာမှန်သမျှ အကုန်လိုက်လုပ်နေသော အလိုတော်ရိ စစ်ဗိုလ်၊ မ ယ က၊ ရ ယ က၊ ကြံ့ဖွံ့၊ စွမ်းအားရှင် စသည့် ပုဂ္ဂိုလ်များ၏ အမည်၊ နေရပ်လိပ်စာအပြည့်အစုံကို အောက်ပါ အီးမေးလ်သို့ ပို့ပေးကြပါရန် တိုက်တွန်းနိုးဆော်ပါသည်။ ( evillists@gmail.com )

သံဃာတော်များသည် မိမိသာသနာအတွက် နိုင်ငံအတွက် အသက်တွေဘဝတွေစတေးကာထောင်ကျနှိပ်စက်ခံနေကြ ရပါသည်။သာသနာ့အာဇာနည်သံဃာတော်များလွတ်မြောက်ရေးသည် သံဃာတော်များအားလုံးနှင့်ပြည်သူလူထုတစ်ရပ်လုံးတွင် တာဝန်ရှိပါသည်။သို့ပါ၍မိမိမြို့၊ ရွာရှိ ထင်ရှားသောဘုရားစေတီပုထိုးများသို့စုပေါင်းညီညာသွားရောက်ကာ သံဃာတော်များလွတ် မြောက်ရေးအတွက် သရဏဂုံသုံးပါးရွတ်ဆိုခြင်း၊ ငါးပါးသီလဆောက်တည်ခြင်း၊ မေတ္တာသုတ်များရွတ်ဆိုခြင်း၊ တရားထိုင်ခြင်း နှင့်မိမိပြုသောကုသိုလ်များကို သစ္စာအဓိဋ္ဌာန်ပြုကာ ဆုတောင်းအမျှဝေခြင်းများ ပြုလုပ်ပေးကြပါရန် တိုက်တွန်းနိုးဆော်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ
ရဟန်းပျိုသမဂ္ဂနှင့်သံဃာ့သာမဂ္ဂီအဖွဲ့